(၉) ကြိမ်မြောက် NCA သဘောတူစာချုပ်ဆိုင်ရာ SD နှင့် UPWC တို့၏ ညှိနှိုင်းဆွေးပွဲတွင် SD ဒုအဖွဲ့ခေါင်းဆောင်(၁) ဒေါက်တာ လဂျာမှ ပြောကြားသော အဖွင့်နှုတ်ခွန်းဆက်မိန့်ခွန်း

ရက်စွဲ- ဩဂုတ် (၆) ရက်၊ ၂၀၁၅ ခုနှစ်

မင်္ဂလာအပေါင်း ပြည့်စုံကြပါစေကြောင်း ဦးစွာ ဆုမွန်ကောင်း တောင်းလိုပါတယ်။

လေးစားအပ်တဲ့-

ပြည်ထောင်စု ငြိမ်းချမ်းရေး ဖော်ဆောင်ရေး လုပ်ငန်းကော်မတီ ဒု-ဥက္ကဋ္ဌ ဦးအောင်မင်း နှင့်တကွ ပြည်ထောင်စု ဝန်ကြီးများ၊ ဗိုလ်ချုပ်ကြီး မြင့်စိုး ဦးဆောင်သော တပ်မတော် ကိုယ်စားတော်များ၊ ဦးသိန်းဇော် ဦးဆောင်သော လွှတ်တော်ကိုယ်စားလှယ်များ၊ MPC အဖွဲ့ဝင် များ၊ PCG အဖွဲ့ဝင်များ၊ ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများမှ ဂုဏ်သရေရှိ ပုဂ္ဂိုလ်များအားလုံး ကိုယ်၏ကျန်းမာ၊ စိတ်၏ချမ်းသာမှု ရရှိကြ ပါစေကြောင်း ဆုမွန်တောင်းအပ်ပါသည်။

လေးစားရပါသော ခေါင်းဆောင်ကြီးများခင်ဗျား ယခု ဤအကြိမ် တွေ့ဆုံ ဆွေးနွေးညှိနှိုင်းခြင်းသည် (၉) ကြိမ်တွေ့ဆုံကြခြင်း ဖြစ်ပါသည်။ (၈) ကြိမ်မြောက် တွေ့ဆုံ ဆွေးနွေး ညှိနှိုင်းကြရာမှာ NCA Text မူကြမ်းမှ မူချော အဖြစ် သဘောတူညီမှု ရရှိရေးအတွက် ကျန်ရှိသေးသော အချက်အလက်အများစုကို ဆွေးနွေး ညှိနှိုင်း သဘောတူခဲ့ကြပြီး ဖြစ်ပါသည်။ အနည်းငယ် ကျန်ရှိသေးသော အချက်များကိုလည်း ဤ(၉) ကြိမ်မြောက် တွေ့ဆုံဆွေးနွေးမှုမှာ အဆင်ပြေချောမွေ့စေလိမ့်မယ်လို့ ယုံကြည်ပါတယ်။ ဆက်လက်ဆွေးနွေးရန် အခြား အကြောင်းအရာ များဖြစ်သည့် (၁) NCA စာချုပ် မူချော အပေါ် လက်မှတ်ရေးထိုးကြမည့် ဘက်နှစ်ဘက်မှ တာဝန်ရှိ ခေါင်းဆောင်ကြီး များကိစ္စ၊ (၂) ဤNCA စာချုပ် လက်မှတ်ထိုးကြခြင်းအပေါ် အသိသက်သေများ အဖြစ်နှင့် Observers များအဖြစ်၊ ပြည်တွင်း၊ ပြည်ပ နိုင်ငံတကာမှ ပါဝင် လက်မှတ်ထိုးကြမည့် ကိစ္စ၊ ဤကိစ္စများအပေါ် မှာလည်း အခက်အခဲ မရှိဘဲ အဆင်ပြေစွာ ညှိနှိုင်းဆောင်ရွက် နိုင်လိမ့်မယ်လို့ မျှော်လင့် ယုံကြည်ပါတယ်။

နောက်ဆုံး အချက်ဖြစ်တဲ့ တတိုင်းပြည်လုံးနှင့် တိုင်းရင်းသား ပြည်သူတရပ်လုံး ငြိမ်းချမ်းမှု၊ အေးချမ်းလုံခြုံမှုကို ဖော်ဆောင်ပေးမည့် အချက်ဖြစ်တဲ့ တနိုင်ငံလုံး အတိုင်းအတာ ဆောင်သည့် အပစ်အခတ်ရပ်ဆိုင်းရေး ( NCA ) အကြောင်းအရာ အပေါ် ဆွေးနွေးကြရမှာ ဖြစ်ပါတယ်။ ဤကိစ္စသည် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်ဆိုင်းရေး ( NCA သဘောတူစာချုပ်) ၏တကယ့် အနှစ်သာရ လည်းဖြစ်ပါတယ်၊ အချင်းချင်း ယုံကြည်မှုကို တည်ဆောက်ကြရာမှာ အခိုင်အမာ ပြုမှုရဲ့ မဏ္ဍိုင်လည်းဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဒီလိုအေးချမ်း သာယာ လုံခြုံမှုကိုဖော်ဆောင်ပေးနိုင်မည့် တစ်နိုင်ငံလုံး အပစ်အခတ် ရပ်ဆိုင်းရေး (NCA) အပေါ်

သဘော တူညီချက် လက်မှတ်ရေးထိုးကြရာမှာ တစ်နိုင်ငံလုံးမှာရှိနေကြသော ကြီးသောအဖွဲ့၊ ငယ်သောအဖွဲ့မဆို၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအားလုံး ပါဝင်လက်မှတ်ရေးထိုးနိုင်ကြရေး အကြောင်းအရာကို ဤ ( ၉ ) ကြိမ်မြောက်တွေ့ဆုံမှုမှာ တွေ့ဆုံ ဆွေးနွေး ညှိနှိုင်းကြရမှာ ဖြစ်ပါတယ်။ဤကိစ္စကို စိတ်ရှည်၊ သဘောထားကြီးကြီးထား ကြကာ ဘက်နစ်ဖက် အလေးထားလျက် လက်နက်ကိုင် တိုင်းရင်းသား အဖွဲ့ များအားလုံးသည် စုစည်း ညီညွတ်စွာ နဲ့ NCA မှာ အားလုံး ပါဝင်လက်မှတ် ရေးထိုးရေးနိုင်ကြခြင်းရဲ့ အကျိုးဆက် အနေဖြင့် တတိုင်းပြည်လုံး ပြည်သူတရပ်လုံးအတွက် အေးချမ်းလုံခြုံစေသော အကျိုး ရလဒ် ကိုလည်း ဖြစ်ထွန်းစေမှာ ဖြစ်ပါတယ်၊ ပစ်ခတ် တိုက်ခိုက် ကြသော အဖြစ်အပျက်များကိုလည်း စုစည်း ကိုင်တွယ်ကြကာ ချုပ်ငြိမ်း စေနိုင်မည် ဖြစ်တယ်လို့မြင်ပါတယ်။ NCA မှာ အားလုံး ပါဝင် စေခြင်းရဲ့ အကျိုးတရား အကောင်းတရားတွေ ကိုလည်း တကယ်လက်တွေ့ အခိုင်အမာဖေါ်ဆောင် နိုင်ကြမည် ဖြစ်တယ်လို့ လက်ခံ ယုံကြည် ပါတယ်။

ဤ (၉) ကြိမ်မြောက် လာရောက် ဆွေးနွေး ခြင်းသည်လွန်ခဲ့သော ဇူလိုင် (၂၄) ရက်၌ ရန်ကုန် မြို့တွင် SD နှင့် UPWC တို့ (၈) ကြိမ်မြောက် တွေ့ဆုံ ဆွေးနွေး ပြီးနောက် သဘောတူညီ အတည်ပြု ဆုံးဖြတ်ချက် မချနိုင်သော အချို့ ကိစ္စများတွင် ဤ NCA လက်မှတ် ထိုးရာ မှာ တိုင်းရင်းသား လက်နက်ကိုင် တော်လှန်ရေး အဖွဲ့အစည်းများ အားလုံး အတူအကွ ပါဝင် လက်မှတ်ထိုး နိုင်ရေး အကြောင်းအချက်များ အပေါ် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အ စည်း များရဲ့ ထိပ်သီး ခေါင်းဆောင်များစုရပ် ဖြစ်သော ချင်းမိုင်မြို့တွင် ၂၀၁၅ ခုနှစ်၊ ဇူလိုင် ၂၆-၂၉ ရက်များတွင် EAOs ထိပ်သီး ခေါင်းဆောင်များ အစည်းအဝေးသို့ SD အဖွဲ့မှ တင်ပြကာ လမ်းညွှန်ချက် တောင်းခံခဲ့ကြပါတယ်၊ ၎င်းအပေါ် EAO ခေါင်းဆောင်များ အားလုံးရဲ့ သဘောတူညီချက် ဆုံးဖြတ်ကိုရရှိခဲ့ကြပြီး SD အဖွဲ့က ရန်ကုန်သို့ လာရောက်ကာ UPWC အစိုးရဘက်သို့ တင်ပြ ဆွေးနွေး ရခြင်းလည်း ဖြစ်ပါတယ်။

ယခုဤ (၉) ကြိမ်မြောက် တွေ့ဆုံ ဆွေးနွေး ညှိနှိုင်းမှု၌ ဤ NCA လက်မှတ်ထိုး ရာမှာ အားလုံး ပါဝင်စေနိုင်သော သဘောတူညီချက်ကို နက်နက်နဲနဲ ရှုမြင် တွေးခေါ်ကြပြီး သဘောတူမှုကို ဖေါ်ဆောင်နိုင်ကြ ပါစေလို့ ဆန္ဒပြုရင်း နိဂုံးချုပ်ပါတယ်။

အားလုံးကိုကျေးဇူးတင်လျက်

(ဒေါက်တာ လဂျာ)

ဒု-အဖွဲ့ခေါင်းဆောင်(၁)

အဆင့်မြင့် ညှိနှိုင်းရေးအဖွဲ့